**၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြွက်ကြားမည့် မိန့်ခွန်း**

**(နေပြည်တော်၊ ၁၁-၇-၂၀၂၀)**

**မင်္ဂလာပါခင်ဗျာ။**

**ဒီကနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့မှာ ကျရောက်တဲ့ ကမ္ဘာ့လူဦးရေနေ့မှာ နိုင်ငံသူနိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။**

ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ကမ္ဘာလုံးဆိုင်ရာအနေနဲ့ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံချင်းအနေနဲ့ဖြစ်စေ အရေးတကြီးနဲ့ ဦးစားပေးဖြေရှင်းရမယ့် လူဦးရေနဲ့ ဆက်နွယ်ပတ်သက်နေတဲ့ အကြောင်းအရာတွေကို ဂရုပြု အာရုံစိုက်မိလာစေဖို့နဲ့ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လာစေဖို့ ရည်ရွယ်ပြီး နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို ချမှတ်ဆောင်ရွက်ခဲ့ရာမှာ ဒီနှစ် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကတော့ “Putting the Brakes on Covid-19: How to Safeguard the Health and Rights of Women and Girls Now” ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်က ပေးလိုတဲ့ အဓိကအချက်ကတော့ COVID-19

ကာလမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ ဧည့်သည်တော်များခင်ဗျာ -**

COVID-19 ကပ်ရောဂါဟာ ကမ္ဘာတစ်ဝန်း အချိန်ကာလရှည်လျားစွာ ဖြစ်ပေါ်နေမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများကို များစွာထိခိုက်စေပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးလူးဆက်ဆံသွားလာမှုများကိုလည်း ရပ်တန့်စေသလို အပြန်အလှန် ချိတ်ဆက်ထောက်ပံ့မှုများကိုလည်း ပြတ်တောက်စေပါတယ်။ ကမ္ဘာ့နိုင်ငံအစိုးရများအနေနဲ့ COVID-19 ကပ်ရောဂါကို အရေးပေါ်အနေအထားနဲ့ ကိုင်တွယ်ဖြေရှင်းနေရတာကြောင့် သားဆက်ခြားနဲ့ မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများကို အလေးထားဆောင်ရွက်နေမှုများ လျော့ကျလာပါတယ်။

ကုလသမဂ္ဂရဲ့ သုတေသနဖော်ထုတ်ချက်များအရ ဒီကာလမှာ လိုအပ်တဲ့ ခေတ်မီ သားဆက်ခြားဆေးဝါးများ အချိန်မီ မရရှိနိုင်တဲ့အတွက် အမျိုးသမီး (၇) သန်းခန့်မှာ မမျှော်လင့်ဘဲ ကိုယ်ဝန်ဆောင်ရမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ အိမ်အပြင်မထွက်ရ တားမြစ်ချက်တွေကြောင့်လဲ လူဦးရေ (၃၁) သန်းခန့်မှာ ကျား/မအခြေပြု အကြမ်းဖက်မှုများ ကြုံတွေ့လာရနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်း အတည်တကျမရှိတဲ့ လုပ်သားဈေးကွက်မှာ အလုပ်လုပ်နေတဲ့ အမျိုးသမီးများရဲ့

(၆၀) ရာခိုင်နှုန်းခန့်မှာ ဆင်းရဲနွမ်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း မီးမောင်းထိုးပြ နေပါတယ်။

နောက်တစ်ချက်ကတော့ COVID–19 ရောဂါကူးစက်ခံရပါက သက်ကြီး ရွယ်အိုများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင် မိခင်များဟာ အသက်ဆုံးရှုံးနိုင်ခြေ အလွန်များကြောင်း တွေ့ရပါတယ်။

**လေးစားအပ်ပါတဲ့ ဧည့်သည်တော်များခင်ဗျာ –**

မြန်မာနိုင်ငံရဲ့ လက်ရှိ လူဦးရေ ဖွဲ့စည်းပုံ အနေအထားနဲ့ COVID–19 ရဲ့ အကျိုးသက်ရောက်နိုင်မှုများကို ဒီနှစ်လူဦးရေနေ့ ဆောင်ပုဒ်နှင့် ဆက်စပ်တင်ပြ လိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက ကောက်ယူခဲ့တဲ့ ၂၀၁၄ ခုနှစ် လူဦးရေနဲ့အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း တွေ့ရှိချက်တွေအရ မြန်မာနိုင်ငံမှာ ကလေးမွေးဖွား နှုန်းနှင့် သေဆုံးနှုန်းများ ကျဆင်းနေပြီး လူဦးရေဖွဲ့စည်းမှုပုံစံ ပြောင်းလဲနေ တာကို တွေ့ရပါတယ်။

နိုင်ငံလူဦးရေမှာ ကလေးပါဝင်မှု အချိုးအစား လျော့ကျ သွားပြီး သက်ကြီးရွယ်အို ပါဝင်မှုအချိုးအစား သိသာစွာမြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ အသက် (၆၀) အထက် သက်ကြီးရွယ်အို ရာခိုင်နှုန်းအနေနဲ့ ၂၀၁၄ ခုနှစ်မှာ (၈.၉) ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာတော့ (၁၀.၁) ရာခိုင်နှုန်းအထိ မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ အမျိုးသားများ

သေဆုံးမှု မြင့်မားခြင်းနဲ့ ပြည်ပသို့ ရွှေ့ပြောင်းနှုန်း မြင့်မားခြင်းတို့ကြောင့်လည်း မြန်မာနိုင်ငံမှာ အမျိုးသမီးဦးရေ သိသာစွာ ပိုများနေတာကို တွေ့ရပါတယ်။ ဘ၀ တလျောက်လုံး လက်မထပ်ဘဲ အပျို/လူပျို ဘ၀နဲ့ နေထိုင်တဲ့ အချိုးအစား ကလည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာတာကို တွေ့ရှိရပါတယ်။

လွန်ခဲ့သော ဆယ်စုနှစ်ကာလများဆီက မွေးဖွားနှုန်းမြင့်မားခဲ့မှုကြောင့် ယနေ့ မြန်မာနိုင်ငံဟာ 'လူဦးရေဆုလာဘ်'ဟုခေါ်တဲ့ လူ့စွမ်းအားအရင်းအမြစ် ပေါများတဲ့ကာလကို ရောက်ရှိနေချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ လုပ်သား အင်အားထုအတွင်း ၀င်ရောက်လာမယ့် လူငယ်တွေကို ပညာရေးအခွင့်အလမ်း၊ ကျွမ်းကျင်သင်တန်းများနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ် ဆိုရင် ပြည်သူပြည်သားအားလုံးရဲ့ လူမှုဘ၀ မြင့်မားရေးကို အထောက်အကူပြု စေမှာ ဖြစ်ပါတယ်၊ အဲဒီလို မဖန်တီးပေးနိုင်ရင်တော့ အဆိုပါ လူဦးရေ ဆုလာဘ်ဟာ အလုပ်အကိုင်ရှားပါးမှုနှင့် လူမှုလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့စေနိုင်မှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ ဧည့်သည်တော်များခင်ဗျာ –**

အမျိုးသမီးများရဲ့ လုပ်သားအင်အားပါဝင်မှု အခြေအနေကို လေ့လာရာ မှာလည်း မြန်မာနိုင်ငံမှာ အလုပ်လုပ်နိုင်တဲ့ အမျိုးသမီး (၁၀၀) မှာ (၅၀) ခန့်သာ အလုပ် လုပ်နေတာဖြစ်လို့ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် သူတို့ရဲ့ လုပ်အားကိုအပြည့်အ၀ အသုံးမချနိုင်သေးတာကို တွေ့ရပါတယ်။ ဒ့ါအပြင် မိသားစုလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြသူ၊ အလုပ်အကိုင်အမျိုးအစား ခွဲခြား

မဖော်ပြနိုင်တဲ့ လုပ်ငန်းတွေမှာ လုပ်ကိုင်နေကြသူ အများစု ဟာလည်း အမျိုးသမီးများ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ခန့်မှန်းချက်အရ COVID–19 ဟာ ကာလကြာရှည်စွာ ဆက်လက်တည်ရှိနေအုံးမှာ ဖြစ်တာကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိလူဦးရေနဲ့ လူမှုစီးပွားရေးဆိုင်ရာ အနေအထားတွေအပေါ် ရေရှည် အကျိုးသက်ရောက်နိုင်မှုများကို ကြိုတင်ခန့်မှန်း တွက်ချက်ထားဖို့ လိုပါတယ်။ အထက်မှာ ကျွန်တော် တင်ပြထားခဲ့တဲ့အတိုင်း သက်ကြီး ရွယ်အို အချိုးအစား မြင့်မားလာတဲ့ ကျွန်တော်တို့ နိုင်ငံမှာ COVID–19 ကြောင့် သက်ကြီးရွယ်အိုများနဲ့ နာတာရှည် ရောဂါသည်များကို ထိခိုက်နိုင်မှု အနည်းဆုံး ဖြစ်အောင် ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ အလားတူ အမျိုးသမီး ရာခိုင်နှုန်းများတဲ့အတွက် အမျိုးသမီးတွေရဲ့ မျိုးစက်ပွားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း ပြတ်တောက်သွားမှု မရှိအောင် စီစဉ်ဆောင်ရွက်ထားဖို့ လိုအပ်သလို တစ်ဖက်ကလည်း အမျိုးသမီးများအတွက် မျိုးဆက်ပွားကျန်းမာရေး နဲ့ အခွင့်အရေးဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့်လုပ်ဆောင်သွားဖို့ လိုအပ် ပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေဆုလာဘ်ရရှိနေချိန် တိုးပွားလာတဲ့ လူငယ်လူရွယ် များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးဖို့ လိုအပ်နေချိန်မှာ COVID–19 ကပ်ရောဂါကြီး ကာလကြာရှည်စွာ ဖြစ်ပေါ်နေမယ်ဆိုရင် အလုပ်အကိုင်သစ်များ မဖန်တီးပေးနိုင်ရုံသာမက လက်ရှိ အလုပ်အကိုင်များပင်

ဆုံးရှုံးနိုင်တဲ့ အနေအထားရှိတာကြောင့် ပြန်လည်ကုစားရေး အစီအစဉ်များကိုလည်း ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် COVID-19 ကြောင့် နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်နေတဲ့ ရွှေ့ပြောင်းလုပ်သားများစွာဟာလည်း အလုပ်အကိုင်များဆုံးရှုံးပြီး မိမိတို့နိုင်ငံတွင်းကို ပြန်လည်ဝင်ရောက်လာတာကြောင့် အလုပ်အကိုင်များ ပိုမိုရှားပါးလာနိုင်သလို နိုင်ငံခြားမှ ပြန်ပို့ငွေများစွာကိုလည်း ဆုံးရှုံးနိုင်ပါတယ်။

အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်မရှိခြင်းများကြောင့် စိတ်သောကများခြင်း၊ စိတ်ဖိစီးမှုများပြီး စိတ်ကိုလွယ်ခြင်းများ ဖြစ်ပေါ်နိုင်ပြီး အိမ်တွင်းအကြမ်းဖက်မှုများကြုံတွေ့လာနိုင်တာကြောင့် စိတ်ဓါတ်ရေးရာမြှင့်တင်ပေးမှု လုပ်ငန်းစဉ်များနဲ့ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများကို ဝန်ဆောင်မှုပေးရေးဟာလည်း အရေးကြီးတဲ့ လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ ဧည့်သည်တော်များခင်ဗျာ -**

COVID-19 တုန့်ပြန်ရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို ဆက်လက်တင်ပြလိုပါတယ်။ အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များမှတဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများအတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့

အကြံပြုချက်များနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွက် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ COVID-19 ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ လူမှုဖူလုံရေး ဥပဒေအရ အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့် ရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒ့ါအပြင် COVID-19 တုန့်ပြန်ရေးလုပ်ငန်းစဉ်များအတွက် အခြားဌာန ဆိုင်ရာ အဖွဲ့အစည်းများက လိုအပ်တဲ့လူဦးရေရဲ့ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ပံ့ပိုးပေးနေပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိလူဦးရေရဲ့ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို မှန်မှန်ကန်ကန် ဆန်းစစ် လေ့လာသုံးသပ်နိုင်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာနက မကြာသေးမီက ကောက်ယူခဲ့တဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အချက်အလက်များကို အမြန်ဆုံး ထုတ်ပြန်နိုင်ဖို့ကိုလည်း ဆောင်ရွက်နေပါတယ်။ ဒီအချက်အလက်တွေဟာ COVID-19 ကာလ မတိုင်ခင် လေးတင် ကောက်ယူခဲ့တာမို့လို့ COVID-19 မတိုင်ခင်နှင့် COVID-19 အလွန် ကာလ ပြောင်းလဲမှုများ၊ COVID-19 ၏ နောက်ဆက်တွဲ အကျိုးဆက်များကို

ဆန်းစစ်လေ့လာဖို့နဲ့ ကုစားရေးလုပ်ငန်းစဉ်တွေကို စနစ်တကျ ပြင်ဆင်နိုင်ဖို့ များစွာ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ ဧည့်သည်တော်များခင်ဗျာ -**

နိဂုံးချုပ်အားဖြင့် ကျွန်တော့်တို့ဝန်ကြီးဌာန အနေနဲ့ COVID-19 ရဲ့ အကျိုးသက်ရောက်မှုတွေကို ရင်ဆိုင်တုန့်ပြန်နိုင်ဖို့အတွက် လိုအပ်တဲ့လုပ်ငန်းစဉ်များကို အချိန်နဲ့ တပြေးညီ ဆောင်ရွက်နေပြီး ဒီနှစ်ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်နဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။ ဒီနေ့ကျရောက်တဲ့ ကမ္ဘာ့လူဦးရေနေ့မှစ၍ လူသားမျိုးနွယ်အားလုံး ကျန်းမာဘေးကင်းကြပါစေကြောင်း၊ COVID-19 ကို စနစ်တကျ တုန့်ပြန်အံတုရင်း new normal life များမှာ အံဝင်ခွင်ကျ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။